[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


ဇွန်လ ၂၀ ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ မေလ ၁-၃၁ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ ဧပြီလ- ၃၀ရက်၊ ၂၀၂၆ | မေလ ၁- ၃၁ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၃၈ | ၁ | ၇၃၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၀၀၅ | ၄ | ၁၀၀၉ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၇၀၈ | ၆ | ၇၁၄ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၇ | | ၈၄၇ |
| | ဖရူဆိုမြို့နယ် | ၁၉၅ | ၇၇ | ၂၇၂ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | | ၁၉၈ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ ၁-၃၁ရက်နေ့ထိ၊၂၀၂၆ ခုနှစ်



စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးသေဆုံး၊ လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ဒရုန်းဗုံးကြဲခြင်း၊ လက်နက်ကြီးပစ်ခတ်မှုနှင့် မီးရှို့မှုများကြောင့် အိမ်ခြေ ၈၃ လုံး ပျက်စီးခဲ့

ပြီးခဲ့သော ၂၀၂၅ခုနှစ်၊ စက်တင်ဘာလမှ စ၍ ဒီးမော့ဆို-ဖရူဆို- ဘောလခဲ လမ်းမကြီးတစ်လျှောက်ကို စစ်ကောင်စီတပ်များမှ အင်အားအလုံးအရင်ဖြင့် စစ်ကြောင်းထိုး အထိုင်ချခဲ့ပြီးနောက် ဖရူဆိုမြို့နယ် တွင်းရှိ ကျေးရွာများကို လေကြောင်းများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ် ၂၀၂၆ မေလ ပထမအပတ်မှ စပြီး စစ်ကောင်စီတပ်များသည် ဖရူဆိုမြို့လမ်းမကြီး အရှေ့ဘက်ပိုင်းသို့ဦးတည်ကာ စစ်ကြောင်းထိုးမှု ပြုလုပ်ခဲ့သည်။ မေလအတွင်း စစ်ကောင်စီတပ်တို့၏ လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းဗုံးကြဲတိုက်ခိုက်ခြင်းနှင့် မီးရှို့မှုတို့ကြောင့် ဒေသခံနေအိမ်ပေါင်း၈၃လုံး ဆုံးရှုံးခဲ့ရပြီး စစ်ရှောင်ပြည်သူတစ်ဦးသေဆုံးကာ ကျန်၄ဦးပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*မေလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

မေလ ၆ရက်နှင့် ၇ရက်နေ့တို့တွင် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များသည် ဖရူဆိုမြို့နယ်၊ ထားလဲကျေးရွာရှိ နေအိမ်၆၀ကျော်နှင့် ပရယ်တော်ရွာရှိ နေအိမ်၄လုံး တို့ကိုမီးရှို့ဖျက်ဆီးခဲ့သည်။

မေလ၇ရက်၊ မနက်၁၀နာရီခွဲဝန်းကျင်အချိန် ဖရူဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ပရယ်တော်၊ ထားလဲ ကျေးရွာ နှင့် စစ်ရှောင်စခန်းများဆီသို့ ဦးတည်ကာ စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များသည် တောင်ယာသွားသော ဒေသခံအမျိုးသားတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုအမျိုးသားမှာ မေလ၁၁ရက်နေ့တွင် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ဖမ်းဆီးနေစဉ်တွင်း စစ်ကောင်စီတပ်များမှ သူ့ကို လက်ပြန်ကြိုးတုတ်၊ မျက်လုံးကို အဝတ်စဖြစ်ပိတ်ကာ ရိုက်နှက်စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့သည်။

မေလ ၈ရက်၊ စစ်ကောင်စီတပ်များသည် ဖရူဆိုမြို့နယ်အတွင်းရှိ ဝှယ်ဒူလျားစစ်ရှောင်စခန်းကို ဝင်ရောက်စီးနင်းကာ စစ်ရှောင်အမျိုးသားတစ်ဦးကိုလည်း ရိုက်နှက်နှိပ်စက်မှုများပြုလုပ်ကာ ထိုသူမှာ သတိမေ့မျော၍ ပြင်းထန်ဒဏ်ရာများရရှိခဲ့သည်။

မေလ ၉ရက်၊ ညနေပိုင်းအချိန် ဖရူဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်၏ တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်းအမှတ် ၁၄မှ လက်နက်ကြီး ၉လုံးပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၉၀ အရွယ် အမျိုးသားတစ်ဦး လက်မောင်းကို လက်နက်ကြီးစ ထိမှန်ဒဏ်ရာရရှိကာ နေအိမ်၂ လုံးပျက်စီး ဆုံးရှုံးခဲ့သည်။

မေလ ၁ဂရက်၊ ဖရူဆိုမြို့နယ်အတွင်းရှိ ဗယ်ဒူလှုပျားစစ်ရှောင် စခန်းထဲရှိဝက်များကို ပြန်လွှတ်ရန် ပြန်လာသော စစ်ရှောင်အမျိုးသားတစ်ဦးနှင့် တော်လှန်ရေးတပ်သားတစ်ဦးကို စစ်ကြောင်းထိုးလား စစ်ကောင်စီတပ်သားများမှ ပစ်သတ်ခဲ့သည်။

မေလ ၁၃ရက်၊ မနက်၈နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ် ဒေါင်ခါးကျေးရွာရှိ နှစ်သက်တမ်း၆ဂ ကျော်ရှိ သီလရှင်ကျောင်းဆောင်များကို ဒီးမော့ဆိုမြို့အခြေစိုက် ခလရ- ၁ဂ၂၊ ခမရ - ၄၂၇တပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOများမှ ထပ်မံ၍ မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ခြင်းကြောင့် ကျောင်းဆောင်၃လုံးနှင့် ထင်းဂိုဒေါင် တစ်လုံးမီးလောင်ပျက်စီးသွားခဲ့သည်။

မေလ ၁၃ရက်၊ ရှမ်း-ကရင်နီနယ်စပ်၊ မိုးဗြဲမြို့အနောက်ဘက်သို့ စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်၊ပအိုဝ့်ပြည်သူ့စစ် PNO တပ် နှင့် တော်လှန်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားလျက် ရှိသောကြောင့် အနီးအနားရှိ ပြည်သူများထွက်ပြေး တိမ်းရှောင်းကြရသည်။ စစ်ကောင်စီတပ်မှ ရက်ခြားလက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်ခြင်းနှင့် ဒရုန်းဖြင့် ကင်းထောက်ခြင်းများ ပြုလုပ်ခဲ့သည်။

မေလ ဒုတိယအပတ်မှစပြီး ကရင်နီပြည်၊ ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းခွင်ကို ဝင်ရောက်နေကြပြီဖြစ်ပေမဲ့ စစ်အုပ်စုတပ်များမှ ၃ ရက်ဆက်တိုက် ဒရုန်းဖြင့် ကင်းထောက်မှုများ ပြုလုပ်ခြင်းကြောင့် တောင်သူများကြား စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိသည်။

မေလ ၂၁ရက်၊ မနက် ၁၁နာရီဝန်းကျင်အချိန် ဖားဆောင်းမြို့နယ်တွင်း တစ်နေရာကို စစ်ကောင်စီတပ်မှ ကာမီကာဇေ အသေခံဒရုန်း၂စင်းနှင့် လက်နက်ကြီး၂လုံးပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသား တစ်ဦး ဘယ်ဖက်လက်မောင်းနှင့် ရင်ဘက်များတွေ ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကားတချို့လည်း ထိမှန်ခဲ့သည်။

မေလ ၂၇ရက်၊ ညနေပိုင်းအချိန် ဒီးမော့ဆိုမြို့နယ်အတွင်းကို စစ်ကောင်စီတပ်မှ ကင်းထောက် လေယာဉ်များဖြင့် ကင်းထောက်ခဲ့ပြီး နန်းမယ်ခုံမြို့ရှိ ကျေးရွာတစ်ရွာကို ဒရုန်းဗုံးကြဲတိုက်ခိုက်မှု တစ်ကြိမ် ပြုလုပ်ခဲ့သည်။

မေလ ၂၈ရက်၊ မနက် ၁ဂနာရီနှင့် မွန်းလွဲ ၂နာရီအချိန်တွင် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့အတွင်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေးကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် နေအိမ်၂လုံး ထိမှန်ပျက်စီးခဲ့သည်။

မေလ ၃၁ရက်၊ ညသ၁ဝနာရီခွဲအချိန် ဖရူဆိုမြို့နယ် တစ်နေရာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှု ၃ကြိမ်ပြုလုပ်ခဲ့ပြီး လက်နက်ကြီးများလည်း ပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်၃လုံး ထိမှန်ပျက်စီးခဲ့သည်။ သည့်အပြင် ရက်ခြား ဒရုန်းဖြင့် ကင်းထောက်မှုများ ဆက်လက်ပြုလုပ်လျက် ရှိသောကြောင့် ဒေသခံပြည်သူများ စိုးရိမ်ပူပန်နေကြရသည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com